ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၃၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်**

**( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် )**

**[ သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၂)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၇.၇၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးမောင်၊ မန္တလေး(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဗိုလ်မှူးသန်းထိုက်၊ တပ်မတော်၊ ကျန်းမာရေး။ ဦးထွန်းဇော်(ခေါ်)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကျန်းမာရေး။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဌေးရယ်၊ ကယား(၇)၊ ကျန်းမာရေး။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကော်မတီ အစည်းအဝေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၄-၁၁-၂၀၁၃ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းပြီး ၃-၆-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါ တယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင်စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၄-၁၁-၂၀၁၃ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၃-၆-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ (က)အရ အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များ ဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၄-၁၁-၂၀၁၃ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၃-၆-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်

က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်းပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီး ပေးပို့ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၄-၁၁-၂၀၁၃ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၃-၆-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၄-၁၁-၂၀၁၄ ရက် (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီး ပေးပို့ထားသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၄-၁၁-၂၀၁၃ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၃၀-၅-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကိုဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၄-၁၁-၂၀၁၄ ရက် (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်း ဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးတင်မြ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးနဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးတင်မြ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော်သို့ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက တင်သွင်းခဲ့သော ပြည်ထောင်စု ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် ၁၁ - ၁၁ - ၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ပါရန် ၁၄-၁၁-၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ဥပဒေကြမ်းကော်မတီသည် ၁၉ - ၁၁ - ၂၀၁၄ ရက်နေ့တွင် ဖော်ပြပါဥပဒေကြမ်းကို အဆိုပြုပြဋ္ဌာန်းချက်၊ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအပေါ် ဥပဒေကြမ်းကော်မတီဝင်များနှင့် အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များ စုံညီအစည်းအဝေးထိုင်၍ လေ့လာသုံးသပ်စိစစ်ခဲ့ကြပါသည်။

လေ့လာတွေ့ရှိချက်

၂။ ယင်းအစည်းအဝေးတွင် ဆွေးနွေးချက်များအရ တင်ပြပါဥပဒေကြမ်းကို ခြုံငုံသုံးသပ်ရာ အောက်ပါအချက်များကို လေ့လာတွေ့ရှိရပါသည်-

(က) မြန်မာနိုင်ငံတွင် ၁၉၂၀ က ထုတ်ပြန်ခဲ့သော ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို အစဉ်တစိုက်ကျင့်သုံးခဲ့ပြီး၊ ယခင်အစိုးရအဆက်ဆက်ဆီလျော်သလို ပြင်ဆင်ချက်ဖြင့်လိုက်နာကျင့်သုံးခဲ့ကြောင်း၊ သီးခြားပြဋ္ဌာန်းဥပဒေမရှိခဲ့ကြောင်း၊ ယခုတင်သွင်းသည့်

ဥပဒေကြမ်းသည် ဖော်ပြပါ ဘဏ္ဍာရေးလုပ်ထုံးကို မကျင့်သုံးဘဲ ပြည်ထောင်စုအစိုးရ၏ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတင်သွင်းရာတွင် လိုက်နာကျင့်သုံးရန် လိုအပ်ချက်များကို ပြည့်ပြည့်စုံစုံတင်ပြနိုင်ရန် ရည်ရွယ်၍ရေးဆွဲတင်ပြခဲ့ခြင်းဖြစ်ကြောင်း လေ့လာသုံးသပ်ရရှိပါသည်။

(ခ) ယခင်အစိုးရများလက်ထက်တွင် ငွေစာရင်းမင်းကြီးရုံးက တာဝန်ယူသောငွေစာရင်း ရေးဆွဲခြင်းကိစ္စရပ်များအားလုံးကို ၁၉၇၄ ခုနှစ်မှစ၍ ဖျက်သိမ်းပြီး လုပ်ပိုင်ခွင့်များကို ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲအပ်ကာ ဝန်ကြီးဌာနအောက်ရှိ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ဘဏ္ဍာငွေ အရအသုံးဆိုင်ရာကိစ္စရပ်များ တာဝန်ယူရေးဆွဲကြောင်း၊ ၎င်းဌာန၏ လုပ်ငန်းဆောင်ရွက်မှု အပေါ်ကိစ္စရပ်တစ်ခုချင်းအလိုက် လေ့လာသုံးသပ်၍ စဉ်းစားဆောင်ရွက်ခြင်းက ပိုမိုဆီလျော်ကြောင်း၊ ယခုကဲ့သို့ တင်းကြပ်သော ဥပဒေနဲ့ ထိန်းချုပ်ရန်သင့်မသင့်စဉ်းစားရန် လိုအပ်ကြောင်းတို့ကိုလည်း လေ့လာသုံးသပ်ရရှိပါသည်။

(ဂ) အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် သက်ဆိုင်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စရပ်များကို ဥပဒေပြုမဏ္ဍိုင်ဖြစ်သည့်ပြည်ထောင်စုလွှတ်တော်က ဤမျှအထိထဲထဲဝင်ဝင် တာဝန်ယူခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ဘောင်ကို ကျော်လွန်ရာရောက်မရောက် စဉ်းစားရန်နှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စများကို လွှတ်တော်က ဤမျှအထိ ထဲထဲဝင်ဝင်တာဝန်ယူခြင်းသည် ဘဏ္ဍာငွေဆိုင်ရာ နောက်ဆက်တွဲ အကျိုးဆက်များနှင့်ပတ်သက်၍ လက်တွေ့အားဖြင့် သုံးစွဲဆောင်ရွက်ခဲ့ခြင်းမရှိသည့် လွှတ်တော်တွင် တာဝန်ရှိလာနိုင်သည်ကို စဉ်းစားရန် လိုအပ်ကြောင်းတို့ကိုလည်း လေ့လာသုံးသပ်ရရှိပါသည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၂ တွင် ပြည်ထောင်စုလွှတ်တော်တွင်သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ဥပဒေကြမ်းပူးပေါင်းကော်မတီက လေ့လာစိစစ်၍ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေရန်ကိုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃ တွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်သွင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း ပြဋ္ဌာန်းဖော်ပြထားပါသည်။ ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ပိုင်ခွင့်များကိုမူ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေများတွင် ပြဋ္ဌာန်းထားပါသည်။ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရုံးအဖြစ် ဖွဲ့စည်းပြီး တာဝန်လွှဲအပ်ဆောင်ရွက်ခွင့် ရှိနိုင်မည် မဟုတ်ကြောင်း လေ့လာသုံးသပ်ရရှိပါသည်။

(င) ဘဏ္ဍာရေးဝန်ကြီးဌာနကနှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ရေးဆွဲတင်ပြရာတွင်သုံးသပ်ရေးဆွဲရမည့် အချက်များကို ကဏ္ဍအလိုက် ရာခိုင်နှုန်းကိန်း ဂဏန်းများဖြင့် ကန့်သတ်ဖော်ပြထားခြင်းသည်လည်း လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင်

အခက်အခဲရှိစေမည်ဖြစ်သည်သာမက တင်းကြပ်သည့် ဘဏ္ဍာရေးအစီအမံများဖြစ်နေသည်ကိုလည်းကောင်း၊ အခြေအနေအချိန်အခါ လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲနိုင်ရန်လိုအပ်သည်ကိုလည်းကောင်း၊ နိုင်ငံတော်၏ ဘတ်ဂျက်ကို ပြည်ထောင်စုလွှတ်တော်ကသာ ဆွေးနွေးဆုံးဖြတ်ပြီး အတည်ပြုပေးရခြင်းဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော်၏ဆောင်ရွက်နိုင်ခွင့်အာဏာကို ဥပဒေတွင် ကန့်သတ်ထိန်းချုပ်ပြဋ္ဌာန်းရန် မသင့်ကြောင်းတို့ကိုလည်း လေ့လာသုံးသပ်ရရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါတို့ကို ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းပါ နိဒါန်း၊ အပိုဒ် ၂၊ အခန်း(၂) တစ်ခန်းလုံး၊ အပိုဒ် ၁၂ ၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ခွဲငယ်(၄)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၆၊ အပိုဒ် ၂၀၊ အပိုဒ် ၂၂ နှင့် အပိုဒ် ၂၄ တို့ကို လိုအပ်ခြင်းမရှိ၍ ပယ်ဖျက်သင့်ကြောင်း တွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းပါ အခန်း(၁) ခေါင်းစဉ်ဖြစ်သော အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် ဆိုသည့်စကားရပ်ကို အမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အခန်း(၃)ကို အခန်း(၂)အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်း၏ခေါင်းစဉ်ဖြစ်သော နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို စိစစ်ခြင်းဆိုသည့် စကားရပ်ကို နှစ်စဉ်ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကိုစိစစ်ခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၃ ကို အပိုဒ် ၁၂ အဖြစ်ပြောင်းလဲ အမှတ်စဉ်၍ ယင်း၏ခြေဆင်းပါ မက်ခရိုစီးပွားရေးအခြေအနေဖော်ပြချက် ဆိုသည့်စကားရပ်ကို နိုင်ငံတော်၏ မက်ခရိုစီးပွားရေးအခြေအနေ ဖော်ပြချက်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (စ)ပါ အလားအလာများဆိုသည့်စကားရပ်ကို မက်ခရိုစီးပွားရေးအခြေအနေအလားအလာများ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၈ ကို အပိုဒ် ၄ အဖြစ်ပြောင်းလဲအမှတ်စဉ်၍ ယင်း၏အောက်တွင် အပိုဒ် ၅၊ အပိုဒ် ၆ နှင့် အပိုဒ် ၇ တို့ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

"၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာဥပဒေကြမ်းကို လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ တင်သွင်းရမည်။

"၆။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသောသက်ဆိုင်ရာ ကော်မတီများသည် မိမိတို့၏ စိစစ်တွေ့ရှိချက်များကို

ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသို့ နှစ်စဉ် နိုဝင်ဘာလ ၇ ရက်နေ့ မတိုင်မီ တင်ပြရမည်။

၇။(က)ပြည်ထောင်စုလွှတ်တော်၏ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသော နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဆိုင်ရာဥပဒေကြမ်းကို စိစစ်ပြီး ငွေကြေးဆိုင်ရာ သုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ်၏ နိုဝင်ဘာလ ၁၅ ရက်နေ့ မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ)ပြည်ထောင်စုလွှတ်တော် ၏ ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြသော နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေ သုံးစွဲရေးဆိုင်ရာ ဥပဒေကြမ်းကို စိစစ်ပြီး ဥပဒေဆိုင်ရာ တွေ့ရှိသုံးသပ်ချက်ကို လက်ရှိဘဏ္ဍာရေးနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရမည်။

(ဂ)ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ တင်ပြချက်များနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သလို ဆောင်ရွက်ရမည်။

(ဃ)ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၁၂ ကို အပိုဒ် ၁၁ အဖြစ် ပြောင်းလဲ အမှတ်စဉ်၍ အပိုဒ်ခွဲ (င)ကို အောက်တွင် အပိုဒ် ခွဲ (စ)အဖြစ် တခြားလိုအပ်ချက်များ ဆိုသည့် စကားရပ်ကို အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ ဥပဒေရေးထုံးနှင့် ညီညွတ်စေရန် ယှဉ်တွဲဖော်ပြထားသော အင်္ဂလိပ်စကားရပ်များကို နုတ်ပယ်ပြီး မြန်မာစာ အရေးအသား အသုံးအနှုန်း မှန်ကန်စေရန် တစ်ပါတည်း ပြင်ဆင်ပြီး ဖြစ်ပါကြောင်းနှင့် ပြောင်းလဲသွားသည့်အခန်းနှင့်ပုဒ်မစဉ်များကို မှန်ကန်စွာ အစီစဉ်တကျ ပြန်လည် ပြင်ဆင်ပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၅။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးရေးဆွဲ တင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် နိုင်ငံရေး စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင် အဖွဲ့ဝင်များနှင့် အသေးစိတ် ညှိနှိုင်းပြင်ဆင်ထားခြင်း ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲ တင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၂၄-၁၁-၂၀၁၄ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ တပ်မတော်သား ကိုယ်စားလှယ် ဒုတိယ ဗိုလ်မှူးကြီးမြင့်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၄။**

**ဒုတိယဗိုလ်မှူးကြီးမြင့်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ် ကြည်း ၂၆၉၉၁ ဒုတိယ ဗိုလ်မှူးကြီးမြင့်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း ပုဒ်မ ၂ ပုဒ်မခွဲ ည ပုဒ်မခွဲ ၄ နဲ့ ပုဒ်မ ၆ ပုဒ်မခွဲ ၄ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားတဲ့ ပုဒ်မ ၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် ၂ ပုဒ်မခွဲငယ် ၁၀ နဲ့ ပုဒ်မ ၁၅ နဲ့ ပုဒ်မ ၃၃ တို့ကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဆွေးနွေးမှုကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား ခွင့်တောင်းခံအပ်ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း အပိုဒ် ၂ အပိုဒ်ခွဲ ည ပါ ဆေးကုသခွင့် လိုင်စင်ဆိုသည်မှာ ကောင်စီက အသိအမှတ် ပြုထားသော ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာဆေးကောင်စီက အသိအမှတ်ပြုသော ဘွဲ့လွန် ဒီပလိုမာ ရရှိသည်ဆိုတဲ့ စကားရပ်ကို အထူးဆေးကုသခွင့် လိုင်စင်ဆိုသည်မှာ ကောင်စီက အသိအမှတ် ပြုထားသော၊ ပြည်တွင်း ဆေးတက္ကသိုလ်တစ်ခုခုမှ အပ်နှင်းထားသော သို့မဟုတ် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာဆေးကောင်စီက အသိအမှတ်ပြုသော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာ ရရှိသည်ဆိုသည့် စကားရပ်နှင့် အစားထိုး ပြင်ဆင်လိုပါတယ်။ ပြင်ဆင်ဖြည့်စွက်လိုတဲ့ အကြောင်းကတော့ ပြည်တွင်း ဆေးတက္ကသိုလ်တစ်ခုခုမှာ အပ်နှင်းထားတဲ့ ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာ ရရှိထားသူများကိုလည်း အသိအမှတ် ပြုပြီးတော့ အထူးဆေးကုသခွင့် လိုင်စင် ထုတ်ပေးနိုင်ရန်အတွက် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း အပိုဒ် ၂ အပိုဒ်ခွဲ (၄)ပါ ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီက အသိအမှတ်ပြုသော အခြေခံ ဆေးပညာဘွဲ့ ရရှိသည့် နိုင်ငံခြားသားဆရာဝန်ဆိုသည့်

စကားရပ်ကို ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီက အသိအမှတ်ပြုထားသော အခြေခံဆေးပညာဘွဲ့ ရရှိပြီး ပြစ်မှု ကင်းရှင်းကြောင်း တာဝန်ခံချက် တင်ပြနိုင်သည့် သတ်မှတ်ထားသော အရည်အချင်း ပြည့်မီသည့် နိုင်ငံခြားသားဆရာဝန် ဆိုသည့် စကားရပ်ဖြင့် ဖြည့်စွက်အစားထိုးလိုပါတယ်။ ပြင်ဆင်ဖြည့်စွက်လိုတဲ့အကြောင်းမှာ ပြစ်မှု မကင်းရှင်းတဲ့ နိုင်ငံခြားသား ဆရာဝန်တွေကို မိမိနိုင်ငံသားများဟာ ဆေးကုသခွင့် ပေးခြင်းမှာ သင့်လျော်မှု မရှိခြင်းကြောင့် ပုဒ်မ ၂ ပုဒ်မခွဲ (ဠ)ပါ နိုင်ငံခြားသား ဆရာဝန်များအပေါ် ကန့်သတ်ထားသည့်အတိုင်း ဤပုဒ်မမှာလည်း နိုင်ငံခြားသား ဆရာဝန်ကို ပြစ်မှု ကင်းရှင်းကြောင်း တာဝန်ခံချက် တင်ပြနိုင်ရန်အတွက် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်း အပိုဒ် ၆ အပိုဒ်ခွဲ ၄ ပါ ဆေးတက္ကသိုလ်များမှ ဥပဒေရေးရာ ဆေးပညာဌာန ဝါရင့် ပါမောက္ခတစ်ဦးဆိုတဲ့ စကားရပ်ကို ဆေးတက္ကသိုလ်များမှ ဥပဒေရေးရာ ဆေးပညာဌာန ပါမောက္ခတစ်ဦးစီ ဆိုတဲ့ စကားရပ်ဖြင့် ပြင်ဆင်အစားထိုးလိုပါတယ်။ ပြင်ဆင်လိုတဲ့အကြောင်းကတော့ ဆေးတက္ကသိုလ် အားလုံးမှ ဥပဒေရေးရာ ဆေးပညာဌာန ပါမောက္ခ အားလုံး ပါဝင်နိုင်ရန်အတွက် ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားတဲ့ ပုဒ်မ များကို ဆွေးနွေးတင်ပြသွားပါမယ်။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားတဲ့ အပိုဒ် ၆ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် ၇ တွင် ဖော်ပြထားသော ဆေးတက္ကသိုလ် ပါမောက္ခချုပ်များ (၇)ဦးမှ (၁၀)ဦးအထိ ဆိုတဲ့ စကားရပ်အစား ဆေးတက္ကသိုလ် ပါမောက္ခချုပ်များလို့ ပြင်ဆင်ချင်ပါတယ်။ ပြည်သူ့လွှတ်တော် အတည်ပြုထားတဲ့ အတိုင်း ပြင်ဆင်လိုပါတယ်။ မူလအတိုင်းထားရှိလိုတဲ့အကြောင်းကတော့ ဆေးတက္ကသိုလ်တစ်ခုမှာ ပါမောက္ခချုပ် တစ်ဦးသာ ရှိပါတယ်။ လက်ရှိမှာဆိုလို့ရှိရင် တပ်မတော် ဆေးတက္ကသိုလ် အပါအဝင် ဆေးတက္ကသိုလ် (၅)ခုသာ ရှိပါတယ်။ ဆေးတက္ကသိုလ်တွေ တိုးချဲ့ဖွင့်လှစ်ပါကလည်း ဆေးတက္ကသိုလ် ပါမောက္ခချုပ်(၁)ဦးစီ ပါဝင်နိုင်ရန်အတွက် ဦးရေ ကန့်သတ်ချက်ကို ပယ်ဖျက်ပေးနိုင်ရန် အတွက် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ အပိုဒ် ၆ အပိုဒ်ခွဲ (ဃ ) အပိုဒ်ခွဲငယ် ၁၀ တွင် ဖော်ပြထားသော ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီး ပြည်နယ်နှင့် ကျန်းမာရေးဦးစီးဌာနမှူးများဆိုတဲ့ စကားရပ်အား ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီးနှင့် ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများလို့ ပြင်ဆင်လိုပါတယ်။ စာရိုက်တဲ့သူရဲ့ လွဲမှားမှု ဖြစ်နိုင်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားတဲ့ အပိုဒ် ၁၅ ခြေဆင်းမှာ ပြင်ဆင်ထားသော ပြည်သူ့ဝန်ထမ်းမဟုတ်သော ကောင်စီနှင့်အမှုဆောင်အဖွဲ့ဝင်များ၏ ဆိုတဲ့စကားရပ်ကို နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီနှင့် အမှုဆောင်အဖွဲ့ဝင်များ၏ ဆိုတဲ့ စကားရပ်ဖြင့် ပြောင်းလဲသုံးစွဲလိုပါတယ်။ ပြင်ဆင်လိုတဲ့ အကြောင်းကတော့ မြန်မာစာအသုံးအနှုန်း မှန်ကန်မှု ရှိစေရန်အတွက် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားတဲ့ အပိုဒ် ၃၃ မှာ လျှောက်ထားသည့် လျှောက်လွှာကို လိုအပ်ပါက စိစစ်ပြီး အရည်အချင်းပြည့်မီလျှင် ဆိုတဲ့ စကားရပ်အစား လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်း စစ်ဆေးရန် အရည်အချင်း ပြည့်မီလျှင် ဆိုတဲ့ စကားရပ်ဖြင့် အစားထိုး ပြင်ဆင်သင့်ပါတယ်။ ပြင်ဆင်လိုတဲ့ အကြောင်းကတော့ အဓိပ္ပာယ်ပိုမိုပြည့်စုံစေရန်အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ပုဒ်မ ၄၁ တွင် ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၀။**

**ဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုပုဂ္ဂိုလ်အဖွဲ့ဝင်များ ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားတဲ့ သူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပထမဆုံးအနေနဲ့ ကျွန်တော့် ရှေ့က ဆွေးနွေးသွားတဲ့ အချက်တွေဟာ အင်မတန် မှန်ကန်ပါတယ်။ ပြည့်စုံတဲ့အတွက်ကြောင့် ကျွန်တော် ထောက်ခံပါတယ်။ ကျွန်တော် ဆွေးနွေးဖို့ အထဲမှာ ဒါတွေကို ဖယ်ပြီးတော့ ဆွေးနွေးမှာ ဖြစ်ပါတယ်။ အခု ကျွန်တော် တင်ပြမှာကတော့ ဒီနေ့ တင်ပြထားတဲ့ ဆေးကောင်စီဥပဒေကြမ်း ၂၀၁၄ ဟာ တကယ်တော့ အသစ် မဟုတ်ပါဘူး။ ကျွန်တော်တို့ ၁၉၅၇ ခုနှစ် က ဥပဒေကြမ်းကို ၁၉၉၀ နှစ်ကျော်လောက်က ဆေးပညာရှင်တွေ၊ ဥပဒေပညာရှင်တွေနဲ့ ဆွေးနွေးပြီးတော့ ၂၀၀၀ ခုနှစ်မှာ ဆေးကောင်စီဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီနေ့ ပြည်သူ့လွှတ်တော်ကို တင်ပြတဲ့ ဥပဒေကြမ်းဟာ ၂၀၀၀ ခုနှစ်က တင်ပြထားတဲ့ အချက်အလက်တွေ အားလုံးကို ပြန်လည် ရေးသားပြီးတော့ အချို့ အနည်းငယ်ကိုသာ ဖြည့်စွက်တင်ပြထားခြင်း ဖြစ်ပါတယ်။ ဒီလို တင်ပြထားတဲ့ အတွက်ကြောင့် ၂၀၀၀ ခုနှစ် ဥပဒေဟာ ဒီနေ့ထိ အချို့ အနည်းငယ်တော့ အချိန်အခါအရ၊ ပြောင်းလဲမှုအရ ပြင်ဆင်ရတဲ့ အချက်အလက်တွေ အချို့ကိုသာ ပြင်ဆင်ဖို့ လိုပါမယ်။ အနှစ်သာရ တစ်ခုလုံးဟာ အခု တင်လိုက်တဲ့ ဥပဒေကြမ်းအသစ်မှာ အားလုံး ထပ်တူထပ်မျှ နီးပါး ပါဝင်ပါတယ်။ တစ်နည်းအားဖြင့် (၉၀)ရာခိုင်နှုန်းကျော် ပါတဲ့အတွက်ကြောင့် ဒီဥပဒေ ကို ၂၀၁၄ ဥပဒေလို့ အမည် ခေါ်တွင်မည်လား သို့မဟုတ် ၂၀၀၀ ခုနှစ် ဆေးကောင်စီဥပဒေကြမ်း ဥပဒေအား ပြင်ဆင်သည့်ဥပဒေဟု ခေါ်မလား ဆိုတာတော့ ကျွန်တော်တို့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များရဲ့ အဆုံးအဖြတ်ပေါ်မှာ မူတည်ပါတယ်။ ကျွန်တော် ဒါကိုပဲ တင်ပြလိုပါတယ်။ ခုန ရှေ့က ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ ဆေးကုသလိုင်စင်ကိစ္စကိုတော့ ကျွန်တော် ထပ်တူထပ်မျှ ဖြစ်တဲ့ အတွက်ကြောင့် မဆွေးနွေးရရင် သို့သော် အဓိက အချက်ဖြစ်တဲ့ အမျိုးသားလွှတ်တော်ရော၊ ပြည်သူ့ လွှတ်တော်ကရော ရေးထားတဲ့ အထူးဆေးသမှု လိုင်စင်ဟာ ပြည်တွင်းဘွဲ့တွေ မပါတဲ့အတွက်ကြောင့် ခုန ထောက်ပြသွားတဲ့ဟာ ပြည်တွင်းပြည်ပ ဘွဲ့လွန် ဒီပလိုမာ ဒီဂရီ ရတဲ့ ပုဂ္ဂိုလ်တွေကို အပ်နှင်းတဲ့ဥစ္စာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော် ရှည်ရှည်ဝေးဝေး မတင်ပြဘဲနဲ့ ရှေ့က ပုဂ္ဂိုလ်ကြီးကို ကျွန်တော် ဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေနဲ့ ထပ်တူထပ်မျှ ဖြစ်ကြောင်းကိုသာ ကျွန်တော် ပြောလိုပါတယ်။ နောက်တစ်ချက်ကတော့ ကန့်သတ်ဆေးကုသခွင့် လိုင်စင်ဆိုတဲ့ဟာက ကျွန်တော်တို့ ဘာဖြစ်လို့ ကန့်သတ်ရလဲဆို Limited Registration ပေါ့လေ ကျွန်တော့်ကို အင်္ဂလိပ်လို ပြောတာလေးကို ခွင့်လွှတ်ပါ။ Limited Registration ဆိုတာ ဗြိတိန်နိုင်ငံမှာလည်း ရှိပါတယ်၊ နိုင်ငံတိုင်းမှာ ရှိပါတယ်။ ဒါကြောင့် နိုင်ငံခြားသား ဆရာဝန်တွေကို ကန့်သတ်တဲ့ ဆေးကုသခွင့် လိုင်စင်ကို အထွေထွေ ဆေးကုသမှုကိုလည်းပဲ ပညာအရည်အချင်းကို ဆေးကောင်စီက သတ်မှတ်ပြီး အထွေထွေကုသမှု ပေးသလို အထူးကု လိုင်စင်ကိုလည်းပဲ အလားတူပဲ သတ်မှတ်ပါတယ်။ သို့သော်

အထူးကုလိုင်စင်နဲ့ အထွေထွေကု လိုင်စင်တွေကို ကန့်သတ်တဲ့ဟာကို ပေးတဲ့ နေရာမှာ တစ်နိုင်ငံလုံးမှာ ကုသခွင့် မဟုတ်ပါဘူး။ သူ့ ဘာသာရပ်အရလည်းကောင်း၊ နေရာ ဒေသနဲ့ အချိန်ကာလကို သတ်မှတ်ပြီးတော့ ခွင့်ပြုတဲ့ ကန့်သတ်လိုင်စင် ဖြစ်ပါတယ်။ ဒီ ကန့်သတ်လိုင်စင်ကို ၂၀၀၀ ခုနှစ် မှာလည်းပဲ ဥပဒေထဲမှာ ပါ ပါတယ်။ အခု ပြည်သူ့လွှတ်တော်ကို တင်တဲ့ ပထမ မူကြမ်းမှာလည်း ပါ ပါတယ်။ ဒါကြောင့် ဘာသာရပ် နေရာဒေသနဲ့ အချိန်ကာလကို ကန့်သတ်လိုင်စင်ပေးတဲ့ လိုင်စင် ခွင့်ပြုတဲ့ အခါမှာကျွန်တော်တို့ အမျိုးသားလွှတ်တော်က ပြန်ပြီးတော့ ထည့်သွင်းပေးဖို့လို့ ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်။ နောက်တစ်ခုကတော့ ကန့်သတ်ကျွမ်းကျင် ဆေးကုသမှု လိုင်စင်ဆိုတာ ကျွန်တော်တို့ ဆေးကုသတဲ့ နေရာမှာ ဆရာဝန်ချည်းပဲ ကုလို့ မရပါဘူး။ သူနာပြု သားဖွား နောက်ပြီးတော့Technician တွေ ၊ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေ အထူး ကျွမ်းကျင်တဲ့ ဓာတ်မှန်မှာ ကျွမ်းကျင်တဲ့ လူတွေ အားလုံး ပါဝင်ပြီး ကုသတဲ့အတွက်ကြောင့် ကျွမ်းကျင်ကုသတယ်လို့ပဲ ကျွန်တော် ဒါပေမဲ့ ဆေးကုသမှု ကျွမ်းကျင်ဆိုတဲ့ သဘောကတော့ နည်းနည်းလေး အဓိပ္ပာယ် ဖွင့်ဆိုတဲ့နေရာမှာ အခက်အခဲ တွေ့ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဆေးကုသမှုဆိုတာ ကျွမ်းကျင်တဲ့ လူတွေက ဆေးကုသမှုကို အထောက်အကူပြုတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်တော့ ဆေးကုသမှု အထောက်အကူပြု ကျွမ်းကျင်လိုင်စင်လို့ ခေါ်ချင်လည်း ခေါ်ပါလို့ ကျွန်တော် မေတ္တာ ရပ်ခံပါတယ်။ တကယ်လို့ ဒီထဲမှာ ဆေးကုသမှု အထောက်အကူပြု ဆိုတဲ့ စကားလုံးကတော့ ကျွန်တော်တို့ အင်္ဂလိပ်လိုဆိုရင် ကုသမှုကိုတော့ Clinical Service လို့ ခေါ်ပါတယ်။ ဆရာဝန်တွေနဲ့တောင်မှ ဓာတ်မှန်တို့၊ ဓာတ်ခွဲတို့ ရောဂါရှာဖွေတဲ့ ပုဂ္ဂိုလ်တွေကျတော့ Clinical Support Service လို့ ခေါ်ပါတယ်။ အထောက်အကူပြု Service ပေါ့၊ ဒီ အဝတ်အစားတွေ ဘာတွေနဲ့ အဆောက်အဦတွေကျတော့ Non- clinical Support Service လို့ ဒီလို အဓိပ္ပာယ် ဖွင့်ပါတယ်။ ဒါကြောင့် Clinical Support Service ကို ပေးမယ်ဆိုရင်လည်း အထောက်အကူပြုဆိုတဲ့ ဝေါဟာရလေးကိုတော့ ထည့်ပါ။

သို့သော် ကျွန်တော် ပြောချင်တာကတော့ ဆေးကောင်စီသည် ဆရာဝန်များကို သတ်မှတ်သော ဥစ္စာ ဖြစ်တဲ့အတွက်ကြောင့် ဒီကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေဟာ သက်ဆိုင်ရာ သူနာပြု ကောင်စီတွေ သက်ဆိုင်ရာ ဓာတ်မှန် ဓာတ်ခွဲတွေကနေပြီးတော့ ကျွမ်းကျင်မှု ဒီပလိုမာ၊ ဒီဂရီ ဒီလိုတွေ ရထားတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်က ပေးထားတဲ့ သူက အခြေခံ ဆေးပညာမရှိဘဲနဲ့တော့ ဆေးကုသမှု ပေးတာကတော့ ဥပဒေထဲမှာ မဖော်ပြသင့်ဘူးလို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။ အဲဒီတော့ ဆေးကုသမှုကိုတော့ ကျွန်တော်တို့ နိုင်ငံသူ/နိုင်ငံသားတွေ အားလုံး ကတော့ အကုန်လုံး လွှမ်းခြုံတယ်လို့ ပြောပါတယ်။တကယ်တော့ Medical Care ကို မြန်မာမှု ပြုလိုက်တော့ ဆေးကုသမှုလို့ ဆိုခြင်း ဖြစ်ပါတယ်။ အဲဒီထဲမှာ ဆေးဝါးနဲ့ကုသ သလို ခွဲစိတ် ကုသမှုတွေ တခြားနည်းလမ်းတွေနဲ့ ဓာတ်ကင်တယ်၊ ဓာတ်ကုတယ်၊ ဆေးဝါး မပါဘဲနဲ့ ကုသတာတွေလည်း အများကြီး ရှိတော့ ဆေး ဆိုတဲ့ စကားလုံးနဲ့ ကုသမှု ဆိုတဲ့ ဟာကိုများ ဒါကတော့ အများ စဉ်းစားစရာပါ။ အများကတော့ ဆေးကုသမှုဆိုရင် ခွဲစိတ်တာ ပါ ပါတယ်။ OG လည်းပါတယ်။ နောက်တစ်ချက် ဒီထဲမှာ အထူးသဖြင့် မျိုးပွားကျန်းမာရေး အဓိပ္ပာယ် ဖွင့်တဲ့နေရာတွေမှာ ဆေးပညာလို့ ဖွင့်တာ ကျွန်တော် တို့လည်း ဖွင့်ခဲ့တာပါပဲ၊ ကျွန်တော်တို့လည်း ကျန်ခဲ့တယ်လို့ ယူဆပါတယ်။ ၂၀၀၀ ခုနှစ်မှာ အခု ခေတ်က Reproductive Health ကို Assisted Reproductive Health ဆိုတာ တချို့ ကလေးမရတဲ့လူကို

သန္ဓေပြွန်နဲ့ လုပ်တာ အထဲကို In-vivo သားအိမ်ထဲကို ထည့်ပြီးတော့မှ အပြင်မှာ Fertilization ဆိုတော့ အပြင်မှာ ပေါင်းစပ်ပြီးတော့ အထဲကို ထည့်တာ Test Tube Baby တို့ ဘာတို့ လုပ်တော့ ကျွန်တော်တို့ ဆေးပညာကို အဓိပ္ပာယ် ဖွင့်တဲ့နေရာမှာလည်း မျိုးပွားကျန်းမာရေး ပညာရပ်ဆိုင်ရာကို ထည့်သင့်၊ မထည့်သင့် ဆိုတာတော့ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးနှင့် ဥပဒေကြမ်းကော်မတီက ပြန်လည်စဉ်းစားဖို့ ဖြစ်ပါတယ်။ နောက်ရည်ရွယ်ချက်တွေမှာ အရင်တုန်းက ကျွန်တော်တို့ (က၊ ခ၊ ဂ၊ ဃ၊ င) ထိကိုလည်း အခု အသစ် မူကြမ်းမှာလည်း ပါပါတယ်။ ဒါပေမဲ့ (စ၊ ဆ၊ ဇ၊ ဈ) ဖြစ်တဲ့ နစ်နာမှုများကို အကြံပြုခြင်းတို့ ဘာတို့ ပြုရန် ဆိုတဲ့ဟာတွေက ရည်ရွယ်ချက်ကို သေးသိမ်သွားစေပါတယ်။ ဒါတွေဟာ လုပ်ငန်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် တင်ပြ လိုချင်တာကတော့ (က၊ ခ၊ ဂ၊ ဃ၊ င) ဒီထဲမှာ နောက် အသစ် ထည့်တဲ့ ဥစ္စာ တစ်ခုကတော့ ထည့်ကောင်းထည့်နိုင်ပါလိမ့်မယ်၊ ဒီရည်ရွယ်ချက်ထဲမှာ ဘာကြောင့်လဲဆိုတော့ ကျန်တဲ့ဟာတွေကတော့ ဒီထဲမှာက အလွန်ဆုံး ထည့်ရင်တောင်မှ လျော်ကန်ကောင်းမွန်သော ဆေးကုသမှု ပတ်ဝန်းကျင် ဖြစ်ထွန်းစေရေး ပံ့ပိုးကြပ်မတ်မှုပေးရန် ဆိုတဲ့ ဥစ္စာကို ကျန်တဲ့ မှတ်ပုံတင် အမှန်တကယ် နစ်နာတာတွေကို အကြံဉာဏ်ပေးတာတို့၊ နောက်ပြီးတော့ ဝန်ကြီးဌာနနဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေကို အကြံပြုတာတိုဟာ ဒါတွေဟာ ကောင်စီရဲ့ လုပ်ငန်းပိုင်းတွင်သာ ထည့်ဖို့ သင့်ပါတယ်။ ရည်ရွယ်ချက်ကို သေးသိမ်မသွားဖို့ လိုပါတယ်လို့ ဒါကို ပြန်လည်သုံးသပ်သင့်ကြောင်းကို တင်ပြချင်ပါတယ်။ နောက်တစ်ခါ ကောင်စီဟာ ဖွဲ့စည်းခြင်းပေါ့လေ။ ဖွဲ့စည်းခြင်းမှာ ယခင်တုန်းကတော့ ကျန်းမာရေးဝန်ကြီးဌာနက ခန့်ပါတယ်။

သို့သော် ခေတ်အခြေအနေ ပြောင်းလာတဲ့အခါကျတော့ ဖွဲ့ပုံကို အခုတော့ နာယက သုံးဦးက အမှုဆောင် အဖွဲ့ကို ဖွဲ့မယ်လို့ ရေးထားပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ကောင်စီဝင်များက ရေးပြီးတော့ နာယက ဖွဲ့တယ်ဆိုတာ အဓိက ဖြစ်နေပါတယ်။ ဒါကြောင့် ဒီအချိန် ဒီအခါမှာတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ရေးထားတဲ့ ဖွဲ့စည်းခြင်းကိစ္စကို သဘောတူပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ကောင်စီဟာ တကယ်တော့ ဆရာဝန်တွေ အတွက်လို့ ထင်နေပေမယ့် တကယ် အမှန်ကတော့ ပြည်သူတွေအတွက် ကောင်းမွန်သော Quality Health တွေ လုံခြုံစိတ်ချရသော ဥစ္စာကို ကျွန်တော်တို့ ဟိုတုန်းက မထည့်မိတဲ့ လုံခြုံစိတ်ချရတဲ့ (က)အပိုဒ်မှာ Security နဲ့ Safety ကို နည်းနည်းလေးတော့ ကွဲတယ်။အဲဒီတော့ ဘေးအန္တရာယ်ကင်းသောလား ၊ လုံခြုံစိတ်ချရလားဆိုတာ (က) အပိုဒ် ရည်ရွယ်ချက်ကို ပြန်လည် ဖော်ထုတ်ဖို့ ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ Quality Effectiveness ဆိုတာ ထိရောက်မှု လုံခြုံစိတ်ချရမှုဆိုတာ အခု Patient Safety ဆိုတဲ့ ဘေးအန္တရာယ်ကင်းရေး အလုပ်တွေကို ကျွန်တော် ကိုယ်တိုင်ပဲအခု လွှတ်တော်ကိုယ်စားလှယ် လုပ်နေတုန်းပဲ ဆရာဝန်အသင်းတွေမှာ ဟောပြောပို့ချနေတာ ဖြစ်ပါတယ်။ ဟိုတုန်းကလည်း ပို့ချခဲ့ပါတယ်။ အဲဒီတော့ ကျန်တဲ့ အပိုဒ် (၃)ပိုဒ်ကိုတော့ နောက်တစ်ခုက ဖွဲ့စည်းတဲ့အခါမှာ ကောင်စီကို ဖွဲ့တဲ့အခါမှာ ကျန်းမာရေးဝန်ကြီးဌာနက ကျွန်တော်တို့ အရင် ၂၀၀၀ ခုနှစ်တုန်းက ညွှန်ကြားရေးမှူး ချုပ်များလို့ပဲ ရေးပါတယ်။ စောစောက တင်ပြသလိုပဲ ဆေးတက္ကသိုလ် ပါမောက္ခချုပ်များလို့ပဲ ရေးပါတယ်။ သို့သော် ယခု ချိန်ကျတော့ ကျန်းမာရေးဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ်တို့ ဆေးသိပ္ပံတို့ ဖော်ပြထားပါတယ်။ အခု ကျန်းမာရေးဝန်ကြီးဌာနမှာ ပြောင်းလဲမှုတွေ ရှိပါတယ်။ ဒါ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေ နဲ့ ဆွေးနွေးတဲ့အခါမှာ အခုဆိုရင်ကျန်းမာရေး ဦးစီးဌာနကိုပဲ နှစ်ပိုင်း ပိုင်းလိုက်ပါမယ်။ တစ်ခုက ပြည်သူ့ ကျန်းမာရေးဦးစီးဌာနနဲ့ နောက်တစ်ခုက ကျန်းမာရေးဦးစီးဌာနဆိုတဲ့

ဆေးကုသရေးကိုပဲ လုပ်တာ ဖြစ်ပါတယ်။ တစ်ခါ ဆေးသိပ္ပံ ဦးစီးဌာနကိုပဲ အခု ဆေးဘက်ဆိုင်ရာ လူ့မှု ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စီမံခန့်ခွဲရေးဆိုတဲ့ ဦးစီးဌာနလို့ ကျွန်တော် ဒီလို ကြားသိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒီနေရာမှာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ နေရာမှာ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များလို့ ဒီလိုရေးလိုက်ခြင်းဖြင့် ဒီလိုပဲ ဘယ်လိုဥပဒေတွေ ပြောင်းနေနေ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ကြီးဌာန၏ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များဆိုလျှင် ဝန်ကြီးဌာနဆိုရင် တော်တော် လုံလောက်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဥစ္စာ ကျွန်တော်တို့ တုန်းကလည်း ထည့်ထားပါတယ်။ ဟို ၂၀၀၀ ခုနှစ်ကလည်း ပါ ပါတယ်။ ခုလည်း ပါ ပါတယ်။ သို့သော် ညွှန်ကြားရေးမှူးလား၊ ဒုညွှန်ကြားရေးမှူးလားဆိုတာ အလုပ်သဘောအရ ညွှန်ကြားရေးမှူးက ဒီ အစည်းအဝေးတွေကို မတက်နိုင်တဲ့အတွက်ကြောင့် ကိုယ်စားလှယ်တွေပဲ လွှတ်တာများပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်တွေနဲ့ဆိုရင် ဒါကတော့ သက်ဆိုင်ရာ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးနဲ့ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့မှ(ဒု)လား၊ (ပ)လားဆိုတာကို ဒါ စဉ်းစားဖို့ ကောင်းပါတယ်။ ကျန်တာတွေကတော့ ကျွန်တော်တို့ အရင်တုန်းကရေးထားတဲ့အတိုင်းပဲ၊ ဦးရေတွေသာ နည်းနည်းလေး ပြောင်းလဲမှုသာ ရှိကောင်း ရှိပါမယ်။ ဒီနေရာမှာ ကျွန်တော် တင်ပြချင်တာ ကတော့ ကျွန်တော်တို့ ဒီ ထိထိရောက်ရောက် ကုသမှုပေးတဲ့အခါမှာ ပြည်သူတွေကို တာဝန်ခံတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆေးပညာလောကနဲ့ ပြည်သူတွေကို တာဝန်ခံရပါတယ် ကောင်စီက၊ သို့သော် အလုပ်သဘောအရ ဆိုရင်တော့ ကျွန်တော်တို့က ခုန နာယက အဖွဲ့မှတစ်ဆင့် ပြည်ထောင်စု အစိုးရကို တာဝန်ခံတယ်လို့ ဆိုတာမျိုး ဖြစ်သင့်လားဆိုတာလည်းပဲ ဒါ ကျွန်တော်အကြံပြု ဆွေးနွေးလိုပါတယ်။

အဲဒီတော့ တကယ်အမှန်ကတော့ Independent လို့ရေးထားတယ်။ လွတ်လပ်စွာ ဆိုတဲ့ ဥစ္စာကို ရေးထားတယ်ဆိုရင် ကျွန်တော်တို့က (၁)အချက်က ကိုယ့် Professional ကိုယ့်ရဲ့ ဆေးပညာ နယ်ပယ်ကို တာဝန်ခံရမယ်။ ကိုယ့်ကိုယ်ကိုယ် တာဝန်ခံတဲ့ သဘောပေါ့။ (၂) အချက်က ပြည်သူတွေကို တာဝန်ခံရပါမယ်။ အဲဒီတော့ ပြည်သူတွေကို ကိုယ်စားပြုတဲ့နေရာကို တာဝန်ခံဖို့ပဲ လိုပါမယ်။ နို့မို့ဆိုရင် အုပ်ချုပ်မှုနယ်ပယ်မှာ Autonomy ဆိုတာ တစ်ခါတည်း သီးခြားဖြစ်နေတဲ့ အဖွဲ့အစည်းဆိုတာ တစ်ကမ္ဘာလုံးမှာ မရှိပါဘူး။ Private Sector တောင် အစိုးရနဲ့ ကင်းတာမရှိပါဘူး။ ဒါကြောင့် Autonomy ဘယ်လိုပဲ ပြောနေနေ ကျွန်တော်တို့တွေဟာ Private Sector တောင်မှ အစိုးရရဲ့ ထိန်းချုပ်မှု၊ ထိန်းကျောင်းမှု ကင်းလွတ်တဲ့ဟာ မရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ Professional ဥစ္စာလည်း Professional နဲ့ အစိုးရအဖွဲ့ကိုပဲ တာဝန်ခံရင် ကောင်းမလားလို့၊ ကောင်းမယ်လို့ပဲ ကျွန်တော် ယူဆပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒီ အထဲမှာ Lay People ဆိုတဲ့ user point of view ပေါ့လေ၊ ကျွန်တော်တို့ ပြည်သူတွေဘက်က ဒီ ကောင်စီဝင်ထဲမှာ ဒီ ဘယ်နှစ်ဦးလောက် ထည့်မယ်ဆိုတဲ့ ဟာကိုတော့ ထည့်ဖို့လည်းပဲ သင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့် user ကျွန်တော်တို့ တက္ကသိုလ်၊ ကောင်စီတွေမှာ ဖွဲ့ရင်လည်းပဲ Lay Person နိုင်ငံရေးသမားမဟုတ်သော Lay people မှ ဂုဏ်သတင်းကျော်ကြားသော Lay people ကို ဒီ ကောင်စီထဲမှာ ဦးရေကတော့

သင့်တင့်လျောက်ပတ်သော ဥစ္စာကိုတော့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ညှိပြီးတော့ လုပ်သင့်ပါတယ်လို့ ပြောချင် ပါတယ်။

နောက် ဥစ္စာတွေကတော့ အသေးအဖွဲ့လေးတွေ ပြင်တာပါပဲ။ အရင်တုန်းက ကျွန်တော်တို့က (၃)လလုပ်တယ်။ အခု (၄)လ (၁)ကြိမ်လုပ်တယ်။ ဒီလောက်ဟာမျိုးသာ ဖြစ်ပါတယ်။ နောက်တစ်ခု အသစ်ထဲမှာ ရှိတဲ့ ဥစ္စာလေးတွေက ခုန ကျွန်တော်ပြောတာတွေကို နေရာပြောင်းလိုက်ဖို့ပါပဲ။ ရည်ရွယ်ချက်က အပိုင်းကို ကောင်စီရဲ့ လုပ်ဆောင်ချက်တွေ၊ အဲဒီတော့ ကျွန်တော်တင်ပြချင်တာကတော့ ဒီကောင်စီ ဥပဒေဟာ ၂၀၀၀ ခုနှစ်ကို အခြေခံပြီးတော့ ဒီအထဲက စကားလုံးတွေ၊ စာသားတွေအားလုံး အသုံးပြုထားတဲ့ ဥပဒေမူကြမ်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဥပဒေကြမ်းတစ်ခုကို ပယ်ဖျက်မယ်ဆိုရင် ခေတ်အခြေအနေနဲ့ လုံးဝမကိုက်ညီတော့ဘူးဆိုရင် ပယ်ဖျက်ပါတယ်။ သို့သော် ခေတ်အခြေအနေနဲ့ ပြုပြင်ပြောင်းလဲမှုဆိုရင်တော့ ပြုပြင်ပြောင်းလဲသော ဥပဒေပဲ ဖြစ်သင့်ပါတယ်။ ဒါကို ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါမယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှစ်ဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်ထွန်းအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၈။**

**ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွန်းအောင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစွာပထမ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းရဲ့ ခေါင်းစီးနဲ့ ပတ်သက်လို့ ဆွေးနွေးတင်ပြပါမယ်။ ဥပဒေမူကြမ်းရဲ့ ခေါင်းစီးမှာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (-) ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နဲ့ ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ရေးသားဖော်ပြထားပါတယ်။ အဲဒီ ခေါင်းစဉ်ရဲ့ အောက်မှာ နေ့စွဲကို ဖော်ပြထားပြီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ရေးသားဖော်ပြထားပါတယ်။ နိုင်ငံတော်က ထုတ်ပြန်ပြီးဖြစ်တဲ့ ပြင်ဆင်ဥပဒေတစ်ခုကို နမူနာအဖြစ် ကျွန်တော်တင်ပြပါမယ်။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့စွဲနဲ့ ထုတ်ပြန်ပြဋ္ဌာန်းလိုက်တဲ့ ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေမှာ အောက်ပါအတိုင်း ဖော်ပြပြဋ္ဌာန်းထားပါတယ်။ ပထမစာကြောင်းအဖြစ် ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄)၊ အဲဒီစာကြောင်းရဲ့ အောက်မှာ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၅)၊ အဲဒီ စာကြောင်းရဲ့ အောက်မှာ ၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ အဲဒီ စာကြောင်းရဲ့ အောက်မှာ (၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့) အဲဒီ စာကြောင်းရဲ့ အောက်မှာ ပြည်ထောင်စုလွှတ်တော်သည် ဤ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ အဲဒီစာကြောင်းရဲ့ အောက်မှာ (၁) ဤဥပဒေကို ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄)ဟု ခေါ်တွင်စေရမည် စသည်ဖြင့် ဖော်ပြပြဋ္ဌာန်းထားပါတယ်။

ခေါင်းစီးမှာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဟု မပါရှိပါဘူး။ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်မှာ ထုတ်ပြန်ပြီး ဖြစ်တဲ့ ဥပဒေများကိုလည်း စာအုပ်ထုတ်ပြီးတော့ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ စာအုပ် တွေမှာ ပြဋ္ဌာန်းပြီး ဖြစ်တဲ့ ဥပဒေများမှာလည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဆိုတဲ့ စာကြောင်း မပါရှိပါဘူး။ အဲဒါကြောင့် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းမှာလည်း ဖော်ပြပါ ပုံစံအတိုင်းသာ ပြဋ္ဌာန်း ထားသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ပုဒ်မ ၁၊ ပုဒ်မခွဲ ၂ နဲ့ ပတ်သက်လို့ ဆွေးနွေးတင်ပြပါမယ်။ ပုဒ်မ ၁၊ ပုဒ်မခွဲ ၂ မှာ နိုင်ငံတော်သမ္မတသည် ဤအက်ဥပဒေ တစ်ခုလုံး ကိုသော်လည်းကောင်း၊ ဤ အက်ဥပဒေ အစိတ်အပိုင်းကိုသော်လည်းကောင်း အမိန့်ကြော်ငြာ စာဖြင့် ရုပ်သိမ်းနိုင်သည်လို့ ဖော်ပြထားပါတယ်။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်သမ္မတရဲ့ လုပ်ပိုင်ခွင့်နှင့် တာဝန်ကို ပုဒ်မ ၂၀၂ မှ ပုဒ်မ ၂၁၄ အထိ၊ ပုဒ်မပေါင်း (၁၃)ခုမှာ ဖော်ပြပြဋ္ဌာန်းထားပါတယ်။ အဲဒီ ပုဒ်မပေါင်း (၁၃)ခုမှာ နိုင်ငံတော်သမ္မတ အနေဖြင့် ဥပဒေပြုပိုင်ခွင့်၊ ဥပဒေကို ပြင်ဆင်ပိုင်ခွင့်၊ ဥပဒေကို ရုပ်သိမ်းခွင့် ပြုနိုင် သည်ဟု ပြဋ္ဌာန်းထားခြင်း မရှိပါဘူး။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၅ မှ ၁၀၈ အထိ ပုဒ်မ ၁၄ ခုမှာ ဥပဒေကို ပြဋ္ဌာန်းခြင်း၊ တည်ဆဲဥပဒေကို ပြင်ဆင်ခြင်း၊ တည်ဆဲဥပဒေကို ရုပ်သိမ်းခြင်းစသည့် အာဏာများကို ပြည်ထောင်စုလွှတ်တော်ကိုသာ အပ်နှင်းထားပါတယ်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးတဲ့ ဥပဒေများကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရပါတယ်။ ဒါကြောင့် ပုဒ်မ ၁၊ ပုဒ်မခွဲ ၂ ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတ သည် ဤ အက်ဥပဒေ တစ်ခုလုံးကိုသော်လည်းကောင်း၊ ဤ အက်ဥပဒေ အစိတ်အပိုင်းကိုသော်လည်းကောင်း၊ အမိန့်ကြော်ငြာစာနှင့် ရုပ်သိမ်းနိုင်သည်ဟု ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးတင်ပြ အပ်ပါတယ်။

ဆက်လက်ပြီး ပုဒ်မ ၂၉ နဲ့ ပတ်သက်လို့ ဆွေးနွေးတင်ပြပါမယ်။ ပုဒ်မ ၂၉ မှာ နိုင်ငံတော် သမ္မတသည် အောက်ပါကိစ္စများအတွက် စည်းမျဉ်းသတ်မှတ်ရန် နည်းဥပဒေများပြုနိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ စောစောက ကျွန်တော်တင်ပြဆွေးနွေးခဲ့တဲ့အတိုင်း နိုင်ငံတော်သမ္မတရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်မှာ နိုင်ငံတော်သမ္မတဟာ နည်းဥပဒေ ပြုပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားခြင်း မရှိပါဘူး။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇ မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါတယ်။

ပုဒ်မ ၉၇၊ ပုဒ်မခွဲ(က) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ရပ်ကို ပြဋ္ဌာန်းသည့်အခါ ပုဒ်မခွဲငယ် ၁၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ စည်းမျဉ်းများနှင့် စည်းကမ်းများ ထုတ်ပြန်ပိုင်ခွင့်ကို အပ်နှင်းနိုင်သည်။ ပုဒ်မခွဲငယ် ၂၊ သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ပုဒ်မ ၂၉ ကို ပြည်ထောင်စုလွှတ်တော်က အပ်နှင်းသည့် အာဏာအရ နိုင်ငံတော်သမ္မတသည် အောက်ပါကိစ္စရပ်များအတွက် စည်းမျဉ်းသတ်မှတ်ရန် နည်းဥပဒေများသတ်မှတ်နိုင်သည်ဟု ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး တရားသူကြီးများရဲ့ အခေါ်အဝေါ်နဲ့ ပတ်သက်လို့ ဆွေးနွေးတင်ပြပါမယ်။ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နဲ့ ခံဝန် အက်ဥပဒေမှာ စက်ရှင်တရားသူကြီး၊ တွဲဖက် စက်ရှင် တရားသူကြီး၊ လက်ထောက်စက်ရှင် တရားသူကြီး၊ ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင် ရာဇဝတ်တရားသူကြီး၊ ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီး စသည်ဖြင့် ခေါ်ဝေါ်ပြဋ္ဌာန်းထားပါတယ်။ မူလ ရာဇဝတ်ကျင့်ထုံးဥပဒေအရ နိုင်ငံတော်သမ္မတက စက်ရှင်တရားသူကြီး၊ တွဲဖက်စက်ရှင် တရားသူကြီး၊ လက်ထောက်စက်ရှင်တရားသူကြီး၊ ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ် တရားသူကြီး၊ ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီး၊ ဒုတိယတန်း အာဏာရ ရာဇဝတ် တရားသူကြီး၊ တတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီးများကို ခန့်ထားပါတယ်။ အဲဒီလို ခန့်ထားခဲ့တဲ့အတွက် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နဲ့ ခံဝန်အက်ဥပဒေမှာ စက်ရှင်တရားသူကြီး၊ ရာဘက် စက်ရှင်တရားသူကြီး၊ လက်ထောက်စက်ရှင် တရားသူကြီး၊ ခရိုင်ရာဇဝတ် တရားသူကြီး၊ နယ်ပိုင် ရာဇဝတ် တရားသူကြီး၊ ပထမတန်း ရာဇဝတ်တရားသူကြီး စသည်ဖြင့် ခေါ်ဝေါ်ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။

အခုအခါ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လည်းကောင်း၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေတွင်လည်းကောင်း စက်ရှင်တရားသူကြီး၊ တွဲဖက် စက်ရှင်တရားသူကြီး၊ လက်ထောက်စက်ရှင် တရားသူကြီး၊ ခရိုင်ရာဇဝတ်တရားသူကြီး၊ အထူးရာဇဝတ် တရားသူကြီး၊ နယ်ပိုင်ရာဇဝတ် တရားသူကြီး၊ ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီး၊ ဒုတိယတန်း အာဏာရ ရာဇဝတ်တရားသူကြီး၊ တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးဟူ၍ ပြဋ္ဌာန်းထားခြင်း မရှိပါဘူး။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည်ထောင်စု တရားစီရင်ရေးဥပဒေမှာ တရားရုံးများကို အောက်ပါအတိုင်း ဖွဲ့စည်းပြဋ္ဌာန်းထားပါတယ်။

(၁) ပြည်ထောင်စုတရားလွှတ်တော်ချုပ်။ (၂) တိုင်းတရားသူကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များ။ (၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံးများ။ (၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တရားရုံးများ။ (၅) ခရိုင်တရားရုံးများ။ (၆) မြို့နယ်တရားရုံးများ။ (၇) ဥပဒေအရ တည်ထောင်သော အခြား တရားရုံးများ။ ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများကို နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီချက်ဖြင့် ခန့်အပ်ပါ တယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တရားသူကြီးချုပ်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တရားသူကြီးများကို နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်တို့နဲ့ ညှိနှိုင်းပြီးတော့ ခန့်အပ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံး၊ ခရိုင်တရားရုံး၊ မြို့နယ်

တရားရုံးနဲ့ ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများတွင် တရားသူကြီးများအဖြစ် ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်ချုပ်၊ တရားသူကြီးချုပ်က တရားရေးဥပဒေအရာရှိများကို ခန့်အပ်ပြီး တရားသူကြီးများအဖြစ် ဆောင်ရွက်စေရမှာ ဖြစ်ပါတယ်။

ဖော်ပြပါ တရားရုံးများမှာလည်း စက်ရှင်တရားရုံးများ၊ ရာဖြတ်စက်ရှင်တရားရုံးများ၊ လက်ထောက်စက်ရှင်တရားရုံးများ၊ ခရိုင်ရာဇဝတ်တရားသူကြီးများ၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးများ၊ ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးများ၊ ဒုတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးများ၊ တတိယတန်းအာဏာရ ရာဇဝတ်တရားသူကြီးများဟူ၍ ခန့်အပ်ထားခြင်း မရှိပါဘူး။ မူလရာဇဝတ် တရားကျင့်ထုံးဥပဒေအရ ယခင်က အထွေထွေအုပ်ချုပ်ရေး အရာရှိများကို ရာဇဝတ်တရားသူကြီးများ အာဏာအပ်နှင်းပြီး၊ ရာဇဝတ်များကို စစ်ဆေးစီရင်ပိုင်ခွင့် ပေးထားပါတယ်။ ခရိုင်ဝန်ကို ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ဝန်ထောက်ကို နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ မြို့ပိုင်ကို မြို့နယ်ရာဇဝတ်တရားသူကြီး၊ လက်ထောက်မြို့ပိုင်ကို လက်ထောက်မြို့နယ်ရာဇဝတ်တရားသူကြီး စသည်ဖြင့် ခန့်အပ်ပြီးတော့ ရာဇဝတ်အမှုများကို စစ်ဆေးဆုံးဖြတ်ပိုင်ခွင့် ပေးထားပါတယ်။

ယခုအခါ အထွေထွေအုပ်ချုပ်ရေး အရာရှိများကို ရာဇဝတ်တရားသူကြီးအာဏာ အပ်နှင်းထားခြင်း မရှိတော့ပါဘူး။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေအရ ခန့်ထားတဲ့ တရားသူကြီးများအနေဖြင့် ရာဇဝတ်မှုနှင့် တရားမမှုများကို စစ်ဆေးစီရင်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်။ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ အဲဒီ ဥပဒေမူကြမ်းမှာ စက်ရှင်တရားရုံးကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံး၊ ခရိုင်တရားရုံး ပြင်ဆင်ရန် ပြဋ္ဌာန်းထားပါတယ်။ တရားသူကြီးများ အခေါ်အဝေါ်ကိုလည်း အောက်ပါအတိုင်း ပြင်ဆင်ပြဋ္ဌာန်းထားပါတယ်။ Session Judge ဟူသည့် စကားရပ်ကို District Judge ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ၊ Additional or Assistant Judge ဆိုသည့် စကားရပ်ကို Additional District Judge or Deputy District Judge ဟူသည့် စကားရပ်ဖြင့်လည်းကောင်း Sub-divisional Magistrate ဟူသည့် စကားရပ်ကို Additional Township Judge ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမယ်လို့ ပြင်ဆင်ဖော်ပြထားပါတယ်။

ဖော်ပြပါ အကြောင်းများကြောင့် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေတွင် ပါရှိသော စက်ရှင်တရားသူကြီး၊ ရာဘက်စက်ရှင် တရားသူကြီး၊ လက်ထောက်စက်ရှင်တရားသူကြီး၊ ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး စသည်ဖြင့် ဖော်ပြပြဋ္ဌာန်းချက်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီး၊ ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီး၊ ဒုတိယခရိုင် တရားသူကြီး၊ မြို့နယ်တရားသူကြီး များ၊ တွဲဖက်မြို့နယ်တရားသူကြီး၊ ဒုတိယမြို့နယ်တရားသူကြီးစသည်ဖြင့် သင့်တော်သလို ပြင်ဆင်သင့်ပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွန်းအောင် ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁:၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁:၁၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၀။**

**ဒေါက်တာပွင့်ဆန်း (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း တို့နှင့် ပြည့်စုံကြပါစေရန် ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်ထောင်စု အစိုးရအဖွဲ့ကိုယ်စား ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း မှ လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံမှာ

အဆိုတင်သွင်းတာ ဖြစ်ပါတယ်။ လယ်ယာထွက်ကုန် ဈေးကွက်အက်ဥပဒေဟာ မြန်မာနိုင်ငံမှာ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ကာနီးကာလတွင် ဖြစ်ပေါ်ခဲ့သော အချိန်ကာလနှင့်အညီ အခြေအနေအရ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပြီးတော့ လက်ရှိ မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးဆိုင်ရာ မူဝါဒများနှင့် ခေတ်စနစ်အခြေအနေများအရ အဆိုပါ အက်ဥပဒေဟာ ခေတ်နှင့် လျော်ညီမှုမရှိတော့သဖြင့် အသုံးပြုရန် မလိုအပ်တော့ကြောင်း တွေ့ရှိရပါတယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ကာနီး ကာလအတွင်း ပြဋ္ဌာန်းခဲ့တဲ့ အဆိုပါ အက်ဥပဒေမှာ သတ်မှတ်ထားသော လယ်ယာထွက်ကုန်ဈေးကွက်များကို သတ်မှတ်ခွင့်ပြုထားသော ဧရိယာအတွင်း၌သာ ဝယ်ယူရောင်းချရမည်ဟူ၍ လည်းကောင်း၊ ဝယ်ယူရောင်းချခြင်းကို ဈေးကွက်ကော်မတီတစ်ရပ်ကသာ ကြီးကြပ်စီမံနိုင်ကြောင်းကိုလည်းကောင်း အဆိုပါ အက်ဥပဒေမှာ ဖော်ပြပါရှိတဲ့အတွက် ယနေ့ခေတ်ကာလနှင့် လျော်ညီခြင်း မရှိတော့သည့်အတွက် လယ်ယာထွက်ကုန်များဈေးကွက် အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ရန် အဆိုတင်သွင်းခြင်းကို ကျွန်မ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီမြင့် မှ ထောက်ခံအပ်ပါတယ်ရှင့်။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လယ်ယာထွက်ကုန် ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့် မသင့် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

လယ်ယာထွက်ကုန် ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေး စဉ်းစားရန် လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် လယ်ယာထွက်ကုန် ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က လယ်ယာထွက်ကုန် ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၈) ဖြစ်ပါတယ်။ လယ်ယာထွက်ကုန် ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၄။**

**ဦးမောင်အေးထွန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ဥပဒေကြမ်းအဖွဲ့ ကော်မတီဝင် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ ကျွန်တော်မှ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်း သွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁ / ၂၀၁၄ -၅၇၂

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ၁၂ - ၁၁ - ၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ၁၈-၁၁-၂၀၁၄ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေကို ၁၉၄၁ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခါနီး ကာလအတွင်း ဖြစ်ပေါ်ခဲ့သော အခြေအနေများအရ ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါ အက်ဥပဒေတွင် မြေပဲနှင့်ဝါဂွမ်းကို သတ်မှတ်ခွင့်ပြုထားသော ဧရိယာဒေသ အတွင်း၌သာ ဝယ်ယူရောင်းချခွင့်ပြုပြီး ယင်းသို့ဝယ်ယူရောင်းချခြင်းကိုလည်း ဈေးကွက်ကော်မတီ တစ်ရပ်ကသာ စီမံကြီးကြပ်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ စစ်အတွင်း ကာလများတွင် လယ်ယာထွက်ကုန်များ ဝယ်ယူရောင်းချခြင်းကို ကန့်သတ်နိုင်ရန် ရည်ရွယ်ပြီး အခြား

သော လယ်ယာထွက်ကုန် ပစ္စည်းများကိုလည်း နိုင်ငံတော်သမ္မတက ဥပဒေတွင် ထည့်သွင်းသတ်မှတ်ရန် အခွင့်အာဏာကို ပေးအပ်ထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ကျင့်သုံးနေသော လက်ရှိအခြေအနေတွင် အဆိုပါအက်ဥပဒေကို ကျင့်သုံးဆောင်ရွက်ရန် ခေတ်အခြေအနေနှင့် ကိုက်ညီမှုမရှိတော့သည့်အပြင် ဥပဒေပြဋ္ဌာန်းစဉ်ကတည်းက ယနေ့တိုင်ကိုင်တွယ်ကျင့်သုံးခဲ့ခြင်းလည်း မရှိပါသဖြင့် ရုပ်သိမ်းသည့်ဥပဒေကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ လယ်ယာထွက်ကုန် ဈေးကွက်များအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လယ်ယာထွက်ကုန် ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၂၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၄-၁၁-၂၀၁၄ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁:၂၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ သံအရာရှိများနှင့် ကောင်စစ် အရာရှိများ (ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၈။**

**ဦးတင်ဦးလွင် (ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်ဦးလွင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ယူ

ဆောင်ရွက်လျက်ရှိသော သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်ကို အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ ခေတ်နှင့်လိုက်လျောညီထွေမှု မရှိတော့သည့် ဥပဒေများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အသစ်ရေးဆွဲရန် လိုအပ်သော ဥပဒေများရှိပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားတောင်းခံရယူပြီး ပြန်လည်တင်ပြသွားရန် အကြောင်းကြားခဲ့ပါတယ်။ ဆက်လက်၍ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးမှ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်ရန် လမ်းညွှန်ခဲ့ပါတယ်။ လက်ရှိအခြေအနေတွင် ယင်းဥပဒေသည် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် ယနေ့တိုင် အကျုံးဝင်လျက်ရှိသည့် ဥပဒေဖြစ်သော်လည်း သံအရာရှိ၊ ကောင်စစ်အရာရှိများ စသော စကားရပ်များအား ယနေ့ခေတ်ကာလနှင့် ကိုက်ညီသော စကားလုံးများအား ပြင်ဆင်သတ်မှတ်ရန် လိုအပ်လာသောကြောင့် တင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ယနေ့တင်သွင်းသည့် သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံပြုချက်များ တောင်းခံခဲ့ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများသို့ အဆင့်ဆင့် တင်ပြခွင့်ပြုချက် ရယူပြီးမှသာ ပြင်ဆင်မည့် ဥပဒေများကို အတည်ပြုနိုင်ရန်အတွက် အမျိုးသားလွှတ်တော်သို့ တင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၁။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားနိုင်ရန် အဆိုတင်သွင်းမှုကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်နန်းနီနီအေး မှ ထောက်ခံအပ်ပါတယ်ရှင်။

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများ နှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သံအရာရှိများနှင့် ကောင်စစ် အရာရှိများ (ကျမ်းသစ္စာများနှင့်အခ ကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများ နှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့် မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများ နှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများ နှင့်အခကြေးငွေများ) အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဦးဝင်းနိုင်ရှိန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန် ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုလွှတ်တော်က သံအရာရှိများနှင့် ကောင်စစ်အရာရှိများ(ကျမ်းသစ္စာများနှင့် အခကြေးငွေများ)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် အတွက် ၃၀-၁၀-၂၀၁၄ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ၁၈-၁၁-၂၀၁၄ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ဤပြင်ဆင်သည့် ဥပဒေကြမ်းအပိုဒ် ၂ တွင် ဖော်ပြထားချက်များအစား မြန်မာစာ အရေးအသားနှင့် ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် အောက်ပါအတိုင်း ပြင်ဆင် အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

"၂။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ(ကျမ်းသစ္စာများနှင့် အခကြေးငွေ များ) အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) သံအရာရှိ ဆိုရာတွင် သံအမတ်ကြီး၊ သံအမတ်၊ သံမှူးကြီး၊ သံမှူး၊ သံရုံး၏ အတွင်း ဝန်နှင့် သံရုံးယာယီတာဝန်ခံတို့ ပါဝင်သည်။

( ခ) ကောင်စစ်အရာရှိ ဆိုရာတွင် ကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်၊ ဒုတိယ ကောင်စစ်ဝန်တို့ ပါဝင်သည့်အပြင် ထိုပုဂ္ဂိုလ်တစ်ဦးဦး၏ တာဝန်ဝတ္တရားများ ကိုဆောင်ရွက်ရန် အာဏာလွှဲအပ်ခြင်းခံရသော အခြားပုဂ္ဂိုလ်လည်း ပါဝင်သည်။"

(ခ) ဤပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၄ တွင် ဖော်ပြထားချက်များအစား ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၉၇ (က)နှင့် ညီညွတ်မှုရှိစေရန်အတွက် အောက်ပါအတိုင်း ပြင်ဆင်အစား ထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

"၄။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ(ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(၁)ကို အောက်ပါအတိုင်း အစားထိုးရမည် -

၇။ (၁) နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဤအက်ဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန် အလို့ငှာ -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။"

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သံအရာရှိများနှင့် ကောင်စစ် အရာရှိများ(ကျမ်းသစ္စာများနှင့်အခကြေးငွေများ)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို နိုင်ငံခြားရေး

ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများ နှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၄-၁၁-၂၀၁၄(တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဦးတင်ဦးလွင်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေရန် ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်ဦးလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အမျိုးသား လွှတ်တော်ကို အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ ခေတ်နှင့်လိုက်လျောညီထွေ မှုမရှိတော့သည့် ဥပဒေများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အသစ်ရေးဆွဲရန် လိုအပ်သော ဥပဒေများရှိပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားတောင်းခံရယူပြီး ပြန်လည်တင်ပြသွားရန် အကြောင်းကြားခဲ့ပါတယ်။ ဆက်လက်၍ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် ပြည်ထောင်စု

အစိုးရ အဖွဲ့ရုံးမှ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်ရန် လမ်းညွှန်ခဲ့ပါတယ်။ ယခု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေတွင် စကားရပ်များအား ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ လိုက်လျောညီထွေမှု ရှိနိုင်မည့် စကားရပ်များဖြင့် အစားထိုးအသုံးပြုနိုင်ရေးအတွက် ယင်းအက်ဥပဒေအား ပြင်ဆင်နိုင်ရေး အတွက် တင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ယနေ့တင်သွင်းသည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံပြုချက်များ တောင်းခံခဲ့ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများသို့ အဆင့်ဆင့် တင်ပြခွင့်ပြုချက် ရယူပြီးမှသာ ပြင်ဆင်မည့် ဥပဒေများကို အတည်ပြု နိုင်ရန်အတွက် အမျိုးသားလွှတ်တော်သို့ တင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အမျိုးသား လွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယ ဝန်ကြီးက ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းကို ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း က ထောက်ခံတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေး များနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေး စဉ်းစားရန် သင့် မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေး စဉ်းစားရန် လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၁။**

**ဦးဟာရှိန်းဘွေ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ် ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုလွှတ်တော်က ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက်

(၃၀-၁၀-၂၀၁၄)ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို (၁၈-၁၁-၂၀၁၄) ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ -

(က) မူလဥပဒေကြမ်း အပိုဒ် ၃ တွင် ဖော်ပြထားချက်များအစား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇(က)နှင့် ညီညွတ်မှုရှိစေရန်အတွက် အောက်ပါအတိုင်း ပြင်ဆင်အစား ထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၄။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဤအက်ဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန်အလို့ငှာ -

(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာစာလုံးပေါင်းသတ်ပုံမှန်ကန်မှုရှိစေရန်နှင့် ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် လိုအပ်သည်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ အက်ဥပဒေ ကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၄၅။**

**ဥက္ကဋ္ဌ။** ။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့် များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး လိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၂၄-၁၁-၂၀၁၄ (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင် ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၂) ရက် မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၃) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၃၂) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက် နေ့ကို ၁၁:၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]